# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
# ၁၉၉၂ ခုနှစ်၊ နိုင်ငံတော်၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ
# [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၃/၉၂]
# ရန်ကုန်မြို့၊ ၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
# (၁၉၉၂ ခုနှစ်၊ မတ်လ ၂၆ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို **၁၉၉၂ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၉၁- ၉၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း(၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင် သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အ တွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံး စွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

----- Footnote -----

[ပင်ရင်း- ၁၉၉၂ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေများ၊ နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား(၁)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ ဇယား(၂)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ ဇယား(၃)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ ဇယား(၄)

Myanmar Law Information System (MLIS)